FEDERAL COURT OF AUSTRALIA

OECD

ASEAN-Australia-New Zealand Free Trade Area (AANZFTA) Economic Cooperation Support Program (AECSP)

# အာဆီယံတရားသူကြီးများအတွက် ယှဉ်ပြိုင်မှုဆိုင်ရာအခြေခံ အကြောင်းအရာများ

AANZFTAယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ်ပြုစုထားသည်။

## *ယှဉ်ပြိုင်မှုဥပဒေအမှုအခင်းများ၌ကျွမ်းကျင်သူသက်သေခံချက်*

## ၁။ နိဒါန်း

၁.၁ ဤစာအုပ်ငယ်ကို

က။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီရှိ တရားစီရင်ရေးအဖွဲ့ဝင်များအသုံးပြုရန်အတွက် အခြေခံစည်းမျဉ်းများကိုအခြေခံထားသောစာအုပ်တစ်အုပ်ဖြစ်လာစေရန်

ခ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ယှဉ်ပြိုင်မှုဥပဒေများအရ စီရင်ချက်များချမှတ်ခြင်းနှင့်ပြန်လည်သုံးသပ်မှုဖြစ်စဉ်အတွင်း ရှုပ်ထွေးလှသော ကျွမ်းကျင်သူသက်သေခံချက်ကို စိစစ်ရာ၌ ကြုံတွေ့ရသောအခက်အခဲများနှင့် ကောက်ချက်များအပေါ်အလေးထားကြည့်ရမည့် တရားသူကြီးများအတွက် လက်တွေ့အသုံးဝင်ကာ အချက်အလက်စုံလင်သောလမ်းညွှန် တစ်ခုဖြစ်လာစေရန်နှင့်

ဂ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဥပဒေပိုမိုတိကျမှုရှိလာစေသည့်၊ ပိုမို၍လျင်မြန်သွက်လက်ထိရောက်မှုရှိလာစေပြီး ဆီလျော်ကိုက်ညီမှုနှင့်ကြိုတင်မှန်းဆနိုင်မှုတို့ကို အားပေးမြှင့်တင်ပေးသည့်အပြင် အခြေခံအားဖြင့် ခိုင်မာသောယှဉ်ပြိုင်မှုမူဝါဒအားပံ့ပိုးရာ၌အထောက်အကူပေးနေသည့် ယှဉ်ပြိုင်မှုဥပဒေထုံးတမ်းအားရေးဆွဲရာ၌အကူအညီပေးနိုင်စေရန်ရည်ရွယ်ထားပါသည်။

၁.၂ စာအုပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ယှဉ်ပြိုင်မှုဥပဒေများအတွင်းကွဲလွဲမှုများရှိနေခြင်းနှင့် ယှဉ်ပြိုင်မှုဥပဒေများရေးဆွဲရာ၌ မတူညီသည့်အဆင့်များ ရှိနေသောနောက်ခံအခြေအနေ၌ ပြုစု ထားခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံချင်းစီနှင့်သက်ဆိုင်သောအချက်အလက်များပေးအပ်ရန် မရည်ရွယ်ထားပါ။

၁.၃ ဤစာအုပ်အား သြစတြေးလျဖက်ဒရယ်တရားရုံးချုပ်မှတရားသူကြီးများက OECD အဖွဲ့နှင့် အနီးကပ် ပူးပေါင်းကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှတရားသူကြီးများအတွက် ရေးသားပြုစုထားခြင်း ဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ် (CLIP) တစ်စိတ်တစ်ပိုင်းအဖြစ် အာဆီ

ယံ-ဩစတြေးလျ-နယူးဇီလန်လွတ်လပ်သောကုန်သွယ်မှုဒေသ ယှဉ်ပြိုင်မှုကော်မတီ၏ ပဏာမကြိုးပမ်းအားထုတ်မှုဖြင့် ပြုစုထုတ်ဝေထားသော ယှဉ်ပြိုင်မှုဥပဒေစာအုပ်ငယ်များအနက်မှ တစ်ခုလည်းဖြစ်သည်။

## ၂။ ယှဉ်ပြိုင်မှုဥပဒေအမှုအခင်းစာစ်ခုအတွင်းကျွမ်းကျင်သူသက်သေခံချက်၏ပုံမှန်အခန်းကဏ္ဍ

၂.၁ အာဆီယံဒေသအတွင်းရှိ တရားစီရင်ပိုင်ခွင့်များအပါအဝင် တရားစီရင်ပိုင်ခွင့် အတော်များများတွင် တရားရုံးများအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာပြဿနာများနှင့်ရင်ဆိုင်ကြရရာ အဓိကအားဖြင့် ယှဉ်ပြိုင်မှုဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ချမှတ်လိုက်သောဆုံးဖြတ်ချက်များအား တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုနှင့်စပ်လျဉ်း၍ဖြစ်သည်။ တရားရုံးတစ်ရုံးအနေဖြင့်ပါဝင်ပတ်သက်နိုင်သော တရားရေးဆိုင်ရာပြန်လည်သုံးသပ်မှုအဓိကနှစ်မျိုးနှစ်စားရှိပါသည်။ ပြန်လည်သုံးသပ်မှုဆိုင်ရာ ပထမအမျိုးအစားမှာ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်ခြင်းရှိမရှိနှင့်သက်ဆိုင်နေသည်။ ယင်းအချက်အနေဖြင့် ခုခံပြောဆိုသောလုပ်ရပ်၏တရားဥပဒေနှင့်ညီညွတ်မှု (မညီညွတ်မှု)၊ လျော်ကန်သင့်မြတ်မှု (မလျော်ကန်မှု) သို့မဟုတ် လုပ်ထုံးလုပ်နည်းပိုင်းတိကျမှု (မတိကျမှု) တို့ ဖြစ်လေ့ရှိသည့် အကန့်အသတ်ဖြစ်နေသောအချို့အကြောင်းအချက်များအပေါ်အခြေပြုထားသည့်အာဏာပိုင်အဖွဲ့အစည်း၏ အရေးယူချက်တရားဝင်မှုအပေါ်စစ်ဆေးခြင်းအား ဖြစ်ပေါ်စေနိုင်ပါသည်။ အဆိုပါအကြောင်းအချက်များအားပြန်လည်သုံးသပ်ရာ၌ အချက်အလက်များနှင့်သက်သေတို့အပြင် ၎င်းတို့၏အခြေခံအကြောင်းရင်းအပေါ်အရေးယူလိုက်ခြင်း၏ဆီလျော်မှုကိုလည်းအတန်အသင့် အသေးစိတ်စစ်ဆေးမှုတစ်ရပ်ပါရှိနိုင်သေးသည်။ တရားရေးဆိုင်ရာပြန်လည်သုံးသပ်မှုသည် အမှု၏အမှားအမှန်အပေါ်တွင်လည်းမူတည်နိုင်သေးရာ ဆိုလိုသည်မှာ အမှု၏မှန်ကန်မှုအားအပြည့်အဝ ပြန်လည်အကဲဖြတ်ခြင်း အပါအဝင် အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်၏အနစ်သာရအပေါ်တွင်လည်း မူတည်နေခြင်းဖြစ်သည်။ အမှု၏အမှားအမှန်အပေါ် ပြန်လည်စဉ်းစားသုံးသပ်ခွင့်ပြုသော အတိုင်းအတာမှာ တရားစီရင်ပိုင်ခွင့်များအကြား ကွာခြားမှုရှိပါသည်။

၂.၂ တရားရုံးများအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေပိုင်းပြဿနာများပါရှိနိုင်သည့် အခြားသောအမှုအခင်းများသာမက တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုအမျိုးအစားနှစ်ခုလုံးသည် ဆက်စပ်နေသည့်ဈေးကွက်များအားသတ်မှတ်ပေးရန် သို့မဟုတ် ယှဉ်ပြိုင်မှုနှင့်ဆိုင်သောအကျိုးသက်ရောက်မှုများကို အကဲဖြတ်ပေးရန် လိုအပ်လာနိုင်သည်။

တစ်ဖန်ယင်းသုံးသပ်မှုများအတွက် တရားရုံးသည် အမှုအပေါ်မူတည်လျက် အမျိုးမျိုးသော ခေတ်မီဆန်းပြားသည့်ဆန်းစစ်သုံးသပ်မှုများလိုအပ်စေနိုင်သော်လည်း နည်းပညာပိုင်းဆိုင်ရာ သို့မဟုတ် လုပ်

ငန်းကဏ္ဍပိုင်းဆိုင်ရာအသိအမြင်များအပြင် ဘောဂဗေဒဘာသာရပ်နှင့် စီးပွားရေးသဘောတရားများကိုလည်း အသုံးပြုရန်လိုအပ်မည်ဖြစ်သည်။ အမှုတိုင်းတွင်မူ ထိုသို့လိုအပ်လိမ့်မည်မဟုတ်ပါ။ စီးပွားရေးပညာသဘောတရားများသည် အမှုတစ်ခုရှိ အချို့သောငြင်းချက်များအား စစ်ဆေးမှုအပေါ် သိရှိအောင်အကူအညီပေးနိုင်သလို ရှုပ်ထွေးတတ်သည့်အချက်အလက် ပေါင်းစုံတို့ကိုလည်းသိမြင်စေရန် ကူညီပေးနိုင်ပါသည်။ ဥပမာအားဖြင့် ယှဉ်ပြိုင်မှုဥပဒေသည် "ဈေးကွက်"၊"ယှဉ်ပြိုင်မှုကန့်သတ်ခြင်း"၊ "တားဆီးပိတ်ပင်ခြင်း" ၊ "ဩဇာကြီးမားမှုအား မလျော်မကန်အသုံးချခြင်း" နှင့် အခြားအမှုအခင်းအမျိုးအစား မျိုးစုံကိုင်တွယ်နေရသည့် တရားသူကြီးများနှင့်အကျွမ်းမဝင်နိုင်သော သဘောတရားများကို ထည့်သွင်းပေါင်းစပ်ထားသည်။ အဆိုပါသဘောတရားများသည် စာလုံးများ၏သာမန်အနက်အဓိပ္ပါယ်အား ကြည့်ခြင်းဖြင့်နားမလည်နိုင်ဘဲ အဆိုပါသဘောတရားများအားအခြေခံထားသည့်၊ သိရှိစေသည့် စီးပွားရေးပညာရပ်အပေါ် နားလည်သဘောပေါက်ရန် လိုအပ်နေပါသည်။

ထို့ပြင် ဈေးကွက်၏ အလုပ်လုပ်ပုံအားကူညီပေးရာ၌ ယှဉ်ပြိုင်မှု၏အခန်းကဏ္ဍအပေါ် နားလည်မှုကို တိုးတက်စေရန်ပြုလုပ်ထားသည့် စီးပွားရေးသုတေသနလေ့လာဆန်းစစ်မှုများကလည်း အဆိုပါစီးပွားရေးသဘောတရားများကို အဆင့်မြှင့်တင်နိုင်ပါသည်။

၂.၃ သို့ဖြစ်ရာ ယှဉ်ပြိုင်မှုမူဝါဒနှင့်အသက်ဝင်အာဏာတည်စေရေး၊ ယှဉ်ပြိုင်မှုဥပဒေများအား အနက်အဓိပ္ပါယ်ကောက်ယူရေးတို့တွင် စီးပွားရေးနှင့်ပတ်သက်သည့်စံနှုန်းများမှာ အခရာကျသည့်နေရာမှ ပါဝင်နေပြီး သက်ဆိုင်ရာစီးပွားရေးပညာသဘောတရားများနှင့်စည်းမျဉ်းများအား ထည့်သွင်းစဉ်းစားခြင်းက တရားသူကြီးများအားကူညီပေးနိုင်မည်ဖြစ်သည်။

၂.၄ တရားသူကြီးတစ်ဦးအနေဖြင့် မေးခွန်းတစ်ခုနှင့်သက်ဆိုင်သည့် သို့မဟုတ် ယှဉ်ပြိုင်မှုဥပဒေနှင့်ပတ်သက်သည့်အမှု၌ ပေါ်ပေါက်လာသည့်ပြဿနာနှင့်သက်ဆိုင်နေသည့် စီးပွားရေးသဘောတရားများနှင့်လုပ်ငန်းကဏ္ဍ ပိုင်းကျွမ်းကျင်မှုတို့အပေါ် ဘက်လိုက်မှုကင်းသောကျွမ်းကျင်သူတစ်ဦး၏ ရှင်းလင်းချက်နှင့်အဓိပ္ပါယ် ကောက်ယူချက်တစ်ရပ်မှ အကျိုးကျေးဇူးရရှိနိုင်ပါသည်။

၂.၅ ယှဉ်ပြိုင်မှုဥပဒေအမှုအခင်းတစ်ခု၌ ကျွမ်းကျင်သူသက်သေခံချက်တစ်ခု၏ မူလအခန်းကဏ္ဍမှာ ကျွမ်းကျင်သူ၏အထူးပြုသိနားလည်မှုနယ်ပယ်အတွင်းကျရောက်နေသည့် မေးခွန်းတစ်ခု သို့မဟုတ် ပြဿနာတစ်ရပ်နှင့်စပ်လျဉ်းပြီး ဓမ္မဓိဋ္ဌာန်ကျကာ ဘက်လိုက်မှုကင်းသည့်အမြင်ပေးအပ်ခြင်းဖြင့် တရားရုံးအားကူညီသွားရန်ဖြစ်သည်။ တရားရုံး၏အခန်းကဏ္ဍမှာကား ကျွမ်းကျင်သူသက်သေခံချက်အားအကဲဖြတ်စိစစ်ရန်အပြင် အမှန်တရားနှင့်ဥပဒေဆိုင်ရာမေးခွန်းများအတွက် မိမိ၏ကိုယ်ပိုင်ကောက်ချက်ချသုံးသပ်မှုကို လုပ်ဆောင်သွားရန်ဖြစ်သည်။ သို့သော် တရားရုံးများ၏ တိကျသည့်တာဝန်ဝတ္တရားများအနေဖြင့်မူ တရားစီရင်ပိုင်ခွင့်နေရာအလိုက် ကွာခြားမှုရှိပြီး ကျွမ်းကျင်သူများအား အသုံးပြုရာတွင်လည်းကောင်း၊ တရားစီရင်ရေးနယ်ပယ်အတွင်း တရားသူကြီးများနှင့် ကျွမ်းကျင်သူများ

အကြားရှိ ဆက်ဆံရေးပုံစံများ၌လည်းကောင်း ခြားနားမှုများရှိပါသည်။ ရှေးထုံးတမ်းဥပဒေစီရင်မှုများနှင့် တရားမဥပဒေစီရင်မှုနစ်ခုစလုံးတွင် တရားသူကြီးများသည် အခြေခံအားဖြင့် ကျွမ်းကျင်သူသက်သေခံချက်အား အကဲဖြတ်စိစစ်ပေးရန် တာဝန်ရှိပါသည်။ အဓိကခြားနားချက်များမှာ ကျွမ်းကျင်သူသက်သေခံချက်အားမည်သို့တင်သွင်းအသုံးပြုသည်၊ တရားသူကြီးများထံ၌ ကျွမ်းကျင်သူသက်သေခံချက်ထုတ်ယူမှုအပေါ် မည်မျှအထိ ထိန်းကွပ်မှုရှိသည်တို့ဖြစ်ကြသည်။ ရှေးထုံးတမ်းဥပဒေစနစ်များ၌ သက်သေခံချက်များတင်ပြရန်နှင့် ရင်ဆိုင်ရန်သည် သက်ဆိုင်သူများအတွက်ဖြစ်ပြီး အဆိုပါအဆင့်၌ တရားသူကြီးများ၏အခန်းကဏ္ဍသည် အခြေခံအားဖြင့် သက်ဆိုင်သူများတင်သွင်းသော မည်သည့်သက်သေခံချက်အား ခွင့်ပြုနိုင်ကြောင်း ထိန်းကွပ်မှုပြုလုပ်ရန်ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ တရားမဥပဒေတရားစီရင်မှုများ၌ မည်သည့်ကျွမ်းကျင်သူသက်သေခံချက်အားဆင့်သွင်းရမည်၊ မည်သည့်ကျွမ်းကျင်သူအားရွေးချယ်ရမည်ဟု တရားသူကြီးများက ဆုံးဖြတ်ပေးရသည်မှာ ပို၍ လုပ်ရိုးလုပ်စဉ်ဖြစ်ပါသည်။

၂.၆ ကမ္ဘာတစ်လွှားတွင် ကျွမ်းကျင်သူသက်သေတစ်ဦး၏ အခန်းကဏ္ဍသည် မည်သည့်အမှုသည်အတွက်မဆို ရှေ့နေတစ်ဦးအဖြစ် မလုပ်ဆောင်ရန်ဖြစ်သည်။ ၎င်းတို့၏ဝန်ဆောင်မှုများအား မည်သူကငှားရမ်းထားသည်ဖြစ်စေ ကျွမ်းကျင်သူသက်သေတစ်ဦး၏ ပဓာနကျသောတာဝန်မှာ တရားရုံးတော်အား အကူအညီပေးရန်ဖြစ်သည်။

၂.၇ စီးပွားရေးဆိုင်ရာသက်သေခံချက်၏ ရှုပ်ထွေးနက်နဲမှုနှင့် ကျွမ်းကျင်သူသက်သေ၏ သမာသမတ်ကျမှုနှင့်သက်ဆိုင်သော အလေးထားစရာကိစ္စတို့သည် သက်သေခံချက်အား မည်သို့စီမံရမည်၊ စိစစ်အကဲဖြတ်ရမည်တို့နှင့်ပတ်သက်၍ စိန်ခေါ်မှုများပေါ်ပေါက်စေပါသည်။ ထိုသို့သောစိန်ခေါ်မှုများအနေဖြင့် အောက်ပါတို့နှင့်ပတ်သက်သောစည်းမျဉ်းစည်းကမ်းများအပါအဆင် တရားစီရင်ပိုင်ခွင့်များအကြား အမှုစီမံခန့်ခွဲရေးနည်းစနစ်များကို ဖွံ့ဖြိုးတိုးတက်လာစေခဲ့ပါသည် -

က။ ကျွမ်းကျင်သူများ၏အရည်အချင်း

ခ။ ကျွမ်းကျင်သူသက်သေခံချက်အားခွင့်ပြုပေးနိုင်မှု

ဂ။ ကျွမ်းကျင်သူသက်သေခံချက်အားစစ်ဆေးမှု

ဃ။ ပူးတွဲကျွမ်းကျင်သူများ သို့မဟုတ် တရားရုံးကတာဝန်ပေးသည့်ကျွမ်းကျင်သူများခန့်အပ်ခြင်း

၂.၈ စိန်ခေါ်မှုများအနေဖြင့် တရားရုံးများကို စီးပွားရေးကျွမ်းကျင်သူကိုယ်ပိုင်အရင်းအမြစ်များဖြင့် ပင်ကိုအရည်အချင်းရှိလာစေခဲ့သလို ယှဉ်ပြိုင်မှုဆိုင်ရာတရားသူကြီးများ၏ နည်းပညာပိုင်းဆိုင်ရာစွမ်းရည်နှင့် ကျွမ်းကျင်မှုများတိုးတက်စေရေးကြိုးပမ်းအားထုတ်မှုများလည်း ရှိလာစေခဲ့ပါသည်။

၂.၉ မတူညီသောတရားစီရင်ပိုင်ခွင့်များအနေဖြင့် ကျွမ်းကျင်သူသက်သေခံချက် အမှုကိစ္စစီမံခန့်ခွဲရေးအတွက် မတူညီသောချဉ်းကပ်နည်းလမ်းများအား ကျင့်သုံးကြပါသည်။ ဤလက်စွဲစာစောင်တွင် အဓိကအားဖြင့် ဩစတြေးလျနိုင်ငံတရားသူကြီးများ၏ အတွေ့အကြုံမှရရှိလာသော ထိုးထွင်းသိမြင်မှုများကိုဆွေးနွေးတင်ပြထားပြီး အဆိုပါအတွေ့အကြုံများမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားစီရင်ရေးအဖွဲ့ဝင်များအတွက် သက်ဆိုင်မှုရှိနိုင်ပါသည်။

၂.၁၀ ကျွမ်းကျင်သူသက်သေတစ်ဦး၏အခန်းကဏ္ဍမှာ တရားရုံးအားအကူအညီပေးရန်ဖြစ်နေစဉ် တရားရုံးတစ်ရုံးအဖို့ ကိုယ်ပိုင်စတင်လှုပ်ရှားမှုမျိုးဖြင့် လွတ်လပ်သည့်ကျွမ်းကျင်သူသက်သေတစ်ဦးဆန့်အပ်ရေးညွှန်ကြားနိုင်စွမ်းရှိရေးမှာ ကမ္ဘာတစ်ဝန်းလုံး၌ သာမန်ဖြစ်နေပါသည်။ အချို့သောတရားစီရင်ရေးစနစ်များတွင် တရားရုံးမှခန့်အပ်သည့်ကျွမ်းကျင်သူများကိုသာခွင့်ပြုပေးကြပြီး ထိုသို့သောကျွမ်းကျင်သူများအားခန့်အပ်မှုအနေဖြင့် သမာသမတ်ကျရန်နှင့်ပွင့်လင်းမြင်သာမှုရှိရန် အရေးကြီးလှသည်။ ဤသို့သောနည်းလမ်း၏အဓိကအားနည်းချက်မှာကား ကျွမ်းကျင်သူများပါဝင်သောရွေးချယ် ခန့်အပ်ရေးအဖွဲ့အား ခန့်အပ်စေခြင်းဖြင့် သို့မဟုတ် တရားစွဲဆိုစဉ်အတွင်း သက်ဆိုင်သူများ၏ပါဝင်ဆောင်ရွက်မှုမှတစ်ဆင့် သက်သာရာရစေသည့်တိုင် အမျိုးမျိုးသောခိုင်မာသည့်အမြင်များအား ရယူနိုင်မှုမှတရားရုံးအားဟန့်တားနေနိုင်ခြင်းဖြစ်သည်။

## ၃။ ကျွမ်းကျင်သူအမြင်သက်သေခံချက်ခွင့်ပြုနိုင်ရေးသတ်မှတ်ချက်များ

၃.၁ တရားစီရင်ရေးဥပဒေများအနေဖြင့် သက်ဆိုင်သူများကို ကျွမ်းကျင်သူသက်သေခံချက်အား တင်သွင်းရန် ခွင့်ပြုသောအခါ တရားရုံးတော်သည် သက်သေခံချက်နှင့်သက်ဆိုင်သော မိမိ၏ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများအရ အဆိုပါသက်သေခံချက်အသုံးပြုမှုအပေါ်ငြင်းပယ်နိုင်သည် သို့မဟုတ် ကန့်သတ်နိုင်ပါသည်။ တရားရုံး၌ စီးပွားရေးဆိုင်ရာသက်သေခံချက်တင်ပြပေးရန်ငှားရမ်းထားသော စီးပွားရေးကျွမ်းကျင်သူပညာရှင်များသည် ငှားရမ်းသူ၏အမှုအတွက်ဆောင်ရွက်ပေးရန်ရည်ရွယ်ချက်ဖြင့်သာ သီအိုရီတစ်ခုအားအသုံးပြုရန် လျှောက်လဲခြင်းထက်စာလျှင် အဘယ်ကြောင့်စီးပွားရေး သီအိုရီတစ်ခုခိုင်မာမှုရှိကြောင်းနှင့် အဘယ်ကြောင့် ယင်းကို အမှု၏အချက်အလက်များအလို့ငှာ အသုံးပြုရမည်ဖြစ်ကြောင်းရှင်းပြပေးရန်တောင်းဆိုခံရလျှင် ၎င်းတို့ကို ယုံကြည်စိတ်ချရပြီးဘက်လိုက်မှုကင်းသော သက်သေများအဖြစ် ပိုမို၍သိရှိသဘောပေါက်သွားနိုင်ခြေရှိပါသည်။ ၎င်းတို့အနေဖြင့် ရုံးတော်သို့ အမြင်သစ်ရှုထောင့်သစ်များကိုလည်း ယူဆောင်လာနိုင်ကြပါသည်။

၃.၂ တရားရုံးများအနေဖြင့် သက်သေခံချက်နှင့်သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများအပေါ်မူတည်ပြီး သက်သေခံချက်အား ခွင့်ပြုမပေးနိုင်ကြောင်း သို့မဟုတ် အရေးပါမှုနည်းပါးကြောင်း ဆုံးဖြတ်နိုင်ကြ

သည်။ တရားရုံး၌တရားစွဲဆိုမှုများတွင် စီးပွားရေးကျွမ်းကျင်သူသက်သေများအပေါ် ကြပ်မတ်သည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအား ရေးဆွဲပြီးစီးသည့်အတိုင်းအတာနှင့်ပတ်သက်၍ တရားစီရင်ပိုင်ခွင့်များအကြား ကွာဟမှုများရှိကြောင်း မှတ်သားထားရပါမည်။

၃.၃ ဩစတြေးလျနိုင်ငံတွင် သက်ဆိုင်သူများကတင်ပြသောကျွမ်းကျင်သူသက်သေခံချက်သည် အောက်ပါတို့နှင့်ငြိစွန်းပါက ခွင့်ပြုမပေးနိုင်ကြောင်း သို့မဟုတ် အရေးပါမှုနည်းပါးကြောင်း ဆုံးဖြတ်ခံရမည်ဖြစ်သည် -

က။ ကျွမ်းကျင်သူက သဘောထားအမြင်အဖြစ် တင်ပြသော သက်ဆိုင်သည့်မေးခွန်း သို့မဟုတ် ကောက်ချက်သည် ကျွမ်းကျင်သူ၏ကျွမ်းကျင်မှုနယ်ပယ်အပြင်ဘက် ရောက်ရှိနေသောအခါ၊

ခ။ ကျွမ်းကျင်သူထံပေးအပ်ထားသောညွှန်ကြားချက်များအား ထုတ်ဖော်ဖွင့်ဟခြင်းမရှိသောအခါ၊

ဂ။ သဘောထားအမြင်အားလွှမ်းမိုးနေသည့် ယူဆချက်များ သို့မဟုတ် အရေးကြီးသောအချက်များအား ထုတ်ဖော်ဖွင့်ဟခြင်းမရှိသောအခါ သို့မဟုတ် အခြားသောသက်သေခံချက်ဖြင့် ပြည့်စုံစေခြင်းမရှိသောအခါ၊

ဃ။ လိုအပ်သည်နှင့်သင့်လျော်သည်ဟု ကျွမ်းကျင်သူယုံကြည်ထားသော စုံစမ်းမေးမြန်းမှုများအားလုံးကို ကျွမ်းကျင်သူမပြုလုပ်နိုင်ခဲ့သောအခါ၊

င။ အကြောင်းပြချက်အားရှင်းရှင်းလင်းလင်းမဖော်ပြထားသောအခါ။

၃.၄ အချို့သောတရားစီရင်ပိုင်ခွင့်များတွင် ကျွမ်းကျင်သူများ၏ယုံကြည်စိတ်ချရမှုအပေါ်အကဲဖြတ်ရန်အလို့ငှာ ၎င်းတို့အားမေးမြန်းရန်အတွက် တရားသူကြီးများအတွက် လက်တွေ့မေးခွန်းစာရင်းတစ်ခု ပြုစုခြင်းမှာအသုံးဝင်ကြောင်း သိရှိခဲ့ကြသည်။ အဆိုပါမေးခွန်းများအနေဖြင့် အားကိုးအားထားပြုနိုင်မှု၊ ဆီလျော်အပ်စပ်မှု၊ အမှုအတွင်း ရှေ့နောက်ညီညွတ်မှုစသည့်အချက်များအပေါ် အလေးပေးနိုင်သလို ပညာရှင်အချင်းချင်း ပြန်လည်သုံးသပ်ထုတ်ဝေမှုတစ်ရပ်အတွင်း ခေတ်မီသီအိုရီပါဝင်ခြင်း ရှိမရှိတို့အပေါ်တွင်လည်း အလေးပေးထားပါသည်။

## ၄။ ကောင်းစွာအရည်အသွေးပြည့်မီသောကျွမ်းကျင်သူများ

၄.၁ ကျွမ်းကျင်သူတစ်ဦး၏ သဘောထားအမြင်သက်သေခံချက်သည် အကယ်၍ ၎င်း၏လေ့ကျင့်မှု၊ လေ့လာမှု သို့မဟုတ် အတွေ့အကြုံမှရရှိလာသော အထူးပြုနားလည်တတ်ကျွမ်းမှုအပေါ် လုံးလုံး လျားလျား သို့မဟုတ် ကြီးကြီးမားမားအခြေခံထားပါက တရားရုံးတစ်ရုံးအတွက်အကူအညီတစ်ခု သာလျှင်ဖြစ်လာပါမည်။

၄.၂ သက်ဆိုင်သူများကတင်ပြသော ကျွမ်းကျင်သူသက်သေခံချက်အပေါ်ထားရှိရမည့် အလေးပေးမှု အားအကဲဖြတ်ရာ၌ သို့မဟုတ် တရားရုံးကခန့်အပ်သောကျွမ်းကျင်သူတစ်ဦးအား ရွေးချယ်သော အခါ၌ တရားသူကြီးတစ်ဦးသည် အမှုအတွင်းပေါ်ပေါက်လာသော သက်ဆိုင်ရာမေးခွန်း သို့မဟုတ် ကောက်ချက်အပေါ်သဘောထားအမြင်ပေးစေရန် ကျွမ်းကျင်သူ၏အရည်အချင်းများအား စဉ်းစား သုံးသပ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် စီးပွားရေးပညာနယ်ပယ်မှပညာရှင်တစ်ဦးသည် ၎င်း မလေ့လာခဲ့ဖူးသည့် သို့မဟုတ် မလုပ်ကိုင်ခဲ့ဖူးသည့် လုပ်ငန်းကဏ္ဍတစ်ခု၏ လည်ပတ်မှုအပေါ် သဘောထားအမြင်ပေးရန် သင့်လျော်သည့်အရည်အချင်းနှင့် ပြည့်စုံနိုင်လိမ့်မည်မဟုတ်ပါ။

၄.၃ အမှုနှင့်သက်ဆိုင်သူများက ရွေးချယ်လိုက်သော ကျွမ်းကျင်သူသက်သေတစ်ဦး၏ ယုံကြည်စိတ်ချ နိုင်မှုသည် အကယ်၍ ၎င်း၏အရည်အချင်းများမှာ အားရစရာမကောင်းလှဘဲ သက်သေခံချက် အတွင်း ရှင်းလင်းစွာတင်ပြထားပါက သို့မဟုတ် ကျွမ်းကျင်သူ၏သဘောထားအမြင်များသည် အကယ်၍ ဓမ္မဓိဋ္ဌာန်ကျပုံမပေါ်ပါက သို့မဟုတ် ဘက်လိုက်ပုံပေါ်နေပါက တရားသူကြီးတစ်ဦး လုပ်ဆောင်မည့် ထိခိုက်စေနိုင်မှုအကဲဖြတ်ချက်၏ အကြောင်းအရာတစ်ခုဖြစ်နိုင်ပါသည်။

## ၅။ ကျွမ်းကျင်သူအစီရင်ခံစာများ

၅.၁ ယှဉ်ပြိုင်မှုကိစ္စရပ်များ၌ ကျွမ်းကျင်သူသက်သေခံချက်နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူအစီရင်ခံစာများ ပုံစံဖြင့်တင်ပြပေးရန်မှာ ကမ္ဘာတစ်ဝန်းလုံး၌ လက်တွေ့လုပ်ရိုးလုပ်စဉ်ဖြစ်နေပါသည်။ ထိုအခါ ယင်း အစီရင်ခံစာများပါအကြောင်းအရာသည် တရားစီရင်ပိုင်ခွင့်၏ သက်သေခံချက်ဆိုင်ရာစည်းမျဉ်းစည်း ကမ်းများနှင့်အညီ ဥပမာအားဖြင့် တရားရုံး၌အပြန်အလှန်စစ်ဆေးခြင်းမှတစ်ဆင့် သို့မဟုတ် အခြား သက်ဆိုင်သူများထံမှ ကျွမ်းကျင်သူအစီရင်ခံစာများအားတင်ပြခြင်းမှတစ်ဆင့် လက်ခံရန်ငြင်းပယ်ခံရ နိုင်သည်။

၅.၂ ကျွမ်းကျင်သူအစီရင်ခံစာများသည် အကယ်၍အောက်ပါအတိုင်းကိုက်ညီမှုရှိပါက တရားရုံးတော် အတွက် အကြီးမားဆုံးသောအကူအညီဖြစ်လာမည်ဖြစ်သည် -

က။ အစပိုင်း၌ အကျဉ်းချုပ်ဖော်ပြမှုတစ်ခုအပါအဝင် အမြင်တစ်ခုချင်းစီအတွက် အကြောင်းပြချက် စီစဉ်ထည့်သွင်းထားခြင်းနှင့် ဖြစ်နိုင်ခြေရှိသည့်နေရာတိုင်း၌ ပညာရပ်ပိုင်းဆိုင်ရာအသုံးအနှုန်းများအား ရှောင်ရှားထားခြင်းအပြင် ရှင်းလင်းစွာဖော်ပြထားခြင်း၊

ခ။ အစီအစဉ်တကျမရှိခြင်းအစား သို့မဟုတ် ယေဘုယျဆန်သောသီအိုရီများပေးအပ်ခြင်းအစား ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖွင့်ဆိုထားသော မေးခွန်းတစ်ခု သို့မဟုတ် ကောက်ချက်တစ်ခု အပေါ် သဘောထားအမြင်တစ်ခုဖော်ပြပေးရန် အရေးကြီးသည့်အရာအဖြစ် ပင်တိုင်ထားခြင်း၊

ဂ။ ပဋိပက္ခဆန်သော သို့မဟုတ် အငြင်းအခုံဆန်သောအရေးအသားမျိုးမဟုတ်ခြင်း။

၅.၃ အထူးသဖြင့် ကျွမ်းကျင်သူကို အမှုနှင့်သက်ဆိုင်သောတစ်ဖက်ကခန့်အပ်ထားသောဖြစ်ရပ်တွင် တရားရုံးအနေဖြင့်လည်း အစီရင်ခံစာ၌အောက်ပါတို့ ပါဝင်ခြင်း ရှိ/မရှိကို စဉ်းစားသုံးသပ်နိုင်သည် -

က။ အစီရင်ခံစာပြုစုသောကျွမ်းကျင်သူ၏အရည်အချင်းများ၊

ခ။ ဖြေရှင်းပေးရန် ကျွမ်းကျင်သူအားတောင်းဆိုထားသည့် အချို့သော သက်ဆိုင်ရာမေးခွန်းများ အပါအဝင် ကျွမ်းကျင်သူထံပေးအပ်ထားသည့်ညွှန်ကြားချက်များ၊

ဂ။ သဘောထားအမြင်တစ်ခုချင်းစီအတွက်အခြေခံထားသည့် ယူဆချက်များ သို့မဟုတ် အရေးကြီးသောအချက်များ၊

ဃ။ သဘောထားအမြင်တစ်ခုစီအတွက်သက်သေဖြော၌ အကြောင်းရင်းများနှင့်ဆက်စပ်မှုရှိသော သီအိုရီစာပေအပိုင်းတစ်ခုခု သို့မဟုတ် အသုံးပြုထားသောအခြားပစ္စည်းတစ်ခုခု၊

င။ လုပ်ဆောင်ခဲ့သောလူပုဂ္ဂိုလ်၏ မည်သူမည်ဝါဖြစ်ကြောင်း စိစစ်ချက်နှင့် အရည်အချင်းများ အပါအဝင် ကျွမ်းကျင်သူလက်ကိုင်ပြုခဲ့သည့် စစ်ဆေးမှုများ ၊ စမ်းသပ်မှုများ သို့မဟုတ် အခြားသော စုံစမ်းမေးမြန်းမှုများ၊

စ။ ၎င်း၏သဘောထားအမြင်ကို ကျွမ်းကျင်သူကလက်ခံပေးကာ အမှီပြုခဲ့သည့် အခြားသူတစ်ဦး ဖော်ပြထားသည့် သဘောထားအမြင်တစ်ရပ်ရပ်နှင့်သက်ဆိုင်သောအချက်များ၊

ဆ။ အကယ်၍ကိစ္စရပ်တစ်ခုခုအနေဖြင့် ကျွမ်းကျင်သူ၏ကျွမ်းကျင်မှုနယ်ပယ်အပြင်ဘက်သို့ ရောက်ရှိနေသောအခါ သို့မဟုတ် မပြည့်စုံသောအချက်အလက်များကြောင့် သို့မဟုတ် အခြားသော အကြောင်းအရင်းတစ်ခုခုကြောင့် ကောက်ချက်ချထားသော သဘောထားအမြင် တစ်ခုအား အကယ်၍ မဖော်ပြနိုင်ခဲ့လျှင် သင့်လျော်သည့်ဝန်ခံချက်၊

ဇ။ ယင်းတို့မရှိပါက အစီရင်ခံစာအနေဖြင့် မပြည့်စုံနိုင်သည့် သို့မဟုတ် မတိကျနိုင်သည့် အစီရင်ခံစာအတွင်းဖော်ပြထားသော သဘောထားအမြင်များအပေါ်ရှိအခြားသော သင့်လျော်သည့် အရည်အချင်းတစ်ခုခု။

## ၆။ ကျွမ်းကျင်သူသက်သေခံချက်နှင့်အသိသက်သေများအားဆီလျော်စွာအသုံးပြုခြင်း

၆.၁ ကျွမ်းကျင်သူသက်သေခံချက်အားစီမံခန့်ခွဲမှုသည် ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သောအမှုအခင်းအများစု၌ အလွန်ပင်အခြေခံကျပါသည်။ အထက်တွင်မှတ်သားခဲ့သည့်အတိုင်း ကျွမ်းကျင်သူသက်သေခံချက် စီမံခန့်ခွဲရန် တရားရုံးများအတွက်ရရှိနိုင်သော လုပ်ငန်းစဉ်ယန္တရားများနှင့်လုပ်ပိုင်ခွင့်များမှာ နေရာတစ်နေရာနှင့်တစ်နေရာ ကွာခြားပါသည်။

၆.၂ ဩစတြေးလျနိုင်ငံတွင် ကျွမ်းကျင်သူသက်သေခံချက်အား သွက်လက်လျင်မြန်အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက်အထောက်အကူဖြစ်စေရန် တရားရုံးအနေဖြင့် အောက်ပါတို့နှင့်ပတ်သက်ပြီး ဆောလျင်စွာ ဆုံးဖြတ်ပေးရန် ကြိုးပမ်းနိုင်သည် -

- က။ သက်ဆိုင်သူတစ်ဦးက အသုံးပြုရန် အဆိုပြုထားသည့် ကျွမ်းကျင်သူသက်သေများ၏ အရေအတွက်၊
- ခ။ ၎င်းတို့၏သက်ဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်များ၊
- ဂ။ ကျွမ်းကျင်သူတစ်ဦးချင်းစီကဖြေရှင်းပေးမည်ဟုအဆိုပြုထားသောကောက်ချက်များ၊
- ဃ။ ကျွမ်းကျင်သူသက်သေခံချက်အား မည်သို့အကောင်းဆုံးစီမံခန့်ခွဲနိုင်မှု။

၆.၃ ကျွမ်းကျင်သူသက်သေနှင့် သက်ဆိုင်သောအချက်အလက်များဖြစ်စေရန်နှင့် ယင်း၏ယူဆချက်များနှင့်ကိုက်ညီစေရန်အတွက် အဆိုပြုသည့်မေးခွန်းများ သို့မဟုတ် ကိစ္စများအပေါ်ကြိုတင် သဘောတူညီစေရေးကြိုးပမ်းသွားရန်မှာ သက်ဆိုင်သူများအဖို့ လိုလားကြပါသည်။ တရားရုံးတစ်ရုံးအနေဖြင့်လည်း ယင်းအတွက်အထောက်အကူပေးစေရန် အမိန့်ညွှန်ကြားချက်များထုတ်ပြန်ရေး စဉ်းစားသုံးသပ်နိုင်သည်။

၆.၄ ဖြစ်နိုင်ပါက ကျွမ်းကျင်သူသက်သေခံချက်အားစီမံခန့်ခွဲရာ၌ တရားရုံး၏ဆောလျင်စွာပါဝင်ပတ်သက်မှုသည် ကျွမ်းကျင်သူတစ်ဦးထံပေးအပ်ထားသည့် မည်သို့သော မေးခွန်းမျိုးမဆို သို့မဟုတ် ယူဆချက်မျိုးမဆိုအား ဘက်လိုက်မှုကင်းစွာ စီမံပေးထားခြင်းဖြစ်ကြောင်း သေချာစေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ကျွမ်းကျင်သူသက်သေအတွက် သီးခြားဖြစ်သည့်၊ ဆက်စပ်မှုမရှိသည့် သို့မဟုတ် အရေးမကြီးသည့်ကောက်ချက်များ ဖြေရှင်းရခြင်းမှ ကင်းလွတ်စေသည်။ ထို့ပြင် ယင်းအချက်လည်း ကျွမ်းကျင်သူသက်သေခံချက်အနေဖြင့် စီးပွားရေးသီအိုရီကိုသာမက ယင်းသီအိုရီအနေဖြင့် တရားရုံး

တော်ရှေ့မှောက်တွင် အမှု၏အချို့သောအခြေအနေများ၌ မည်ကဲ့သို့အသုံးချနိုင်ကြောင်းကိုရှင်းပြနေကြောင်းလည်း သေချာသွားစေနိုင်သည်။

၆.၅ ကောင်းမွန်သောအမှုအခင်းစီမံခန့်ခွဲမှုဟူသည် ကျွမ်းကျင်သူသက်သေခံချက် ပမာဏအတိုင်းအတာ စီမံခန့်ခွဲရခြင်း၊ ယင်းအားပြင်ဆင်ရာ၌ အချိန်ကိုက်ဖြစ်စေခြင်းနှင့် ကုန်ကျစရိတ်တို့အပါအဝင် ကျွမ်းကျင်သူသက်သေခံချက်များအသုံးပြုခြင်း၏ အခြားသောစိုးရိမ်ပူပန်စရာများစွာတို့ကိုလည်း ကျော်လွှားသွားနိုင်ပါသည်။

၆.၆ ပို၍ကျယ်ကျယ်ပြန့်ပြန့်ဆိုပါက ယှဉ်ပြိုင်မှုဥပဒေနှင့်သက်ဆိုင်သော စစ်ဆေးစီရင်မှုတစ်ခု၌ ကျွမ်းကျင်သူများ ပါဝင်နေသောအခါ တရားရုံးသို့အကူအညီပေးနိုင်မည့် အရေးပါသော အခြေခံစည်းမျဉ်းများစွာကို OECD အနေဖြင့် သတ်မှတ်ပေးပြီးဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာကျွမ်းကျင်သူများအနေဖြင့်အချက်အလက် သက်သေများအတိုင်းသာ အမှီပြုဆန်းစစ်သုံးသပ်ခြင်းအစား အခြားသောသက်သေများမှ တစ်ဆင့်တင်သွင်းကာ အခိုင်အမာသက်သေထူထားပြီးဖြစ်သော အချက်အလက်များကို စီးပွားရေးပညာဖြင့် သရုပ်ခွဲဆန်းစစ်ခြင်း သို့မဟုတ် အီကိုနိုမက်ထရစ်ပညာဖြင့် သရုပ်ခွဲဆန်းစစ်ခြင်းတို့အပေါ် ၎င်းတို့အလေးပေးသင့်ပါသည်။ ခေတ်မီစီးပွားရေးသီအိုရီများနှင့်နည်းစနစ်များအနေဖြင့် စီးပွားရေးနှင့် သက်ဆိုင်သောအသိုင်းအဝိုင်းအတွင်း ပြည့်စုံကောင်းမွန်စွာ စမ်းသပ်စစ်ဆေးပြီးဖြစ်သင့်သည်။ ကျွမ်းကျင်သူများအား ၎င်းတို့ဆန်းစစ်သုံးသပ်နေသော အချက်အလက်များဖြင့် ကျဉ်းမြောင်းစွာ ကန့်သတ်ထားခြင်းမျိုးမဖြစ်သင့်ပါ။ စီးပွားရေးဆိုင်ရာကျွမ်းကျင်သူများသည် စက်မှုလုပ်ငန်းပိုင်းကျွမ်းကျင်သူများကဲ့သို့ ခေတ်ရှေ့ပြေးရန်မလိုအပ်ရာ သို့မဟုတ်ပါက စစ်ဆေးကြားနာစဉ်အတွင်း ၎င်းတို့၏ ယုံကြည်စိတ်ချရမှုအပိုင်း အရဲစွန့်ရမှုများ သိသိသာသာထိခိုက်သွားမည်ဖြစ်သည်။ နောက်ဆုံးအားဖြင့် အမှုကိစ္စတစ်ရပ်အတွင်းပါဝင်ရာ၌ ကျွမ်းကျင်သူများထံတွင် ထိုးစစ်ဆင်သည့်အခန်းကဏ္ဍနှင့် ခုခံကာကွယ်သည့်အခန်းကဏ္ဍနှစ်မျိုးစလုံး ရှိနေကြောင်းအမှတ်ရရန် အရေးကြီးပါသည်။

## ၇။ ကျွမ်းကျင်သူသက်သေခံချက်ပုံစံများ

၇.၁ ဩစတြေးလျနိုင်ငံသည် ပဋိပက္ခဆန်သောစနစ်တစ်ခုနှင့်အတူ ရှေးထုံးတမ်းဥပဒေစီရင်ပိုင်ခွင့်စနစ်ကျင့်သုံးသောနိုင်ငံဖြစ်သည်။ အဆိုပါစနစ်နှင့်အညီ ဩစတြေးလျတရားရုံးများ ရှေ့မှောက်ရောက်ရှိလာသောအမှုများတွင် တရားစွဲဆိုမှုအတွင်းပါဝင်သက်ဆိုင်သူတစ်ဦးချင်းအနေဖြင့် ၎င်းတို့၏အမှုအား ထောက်ခံပေးမည့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောကျွမ်းကျင်သူများထံမှ ကိုယ်ပိုင် သက်သေအားခေါ်ဆိုမေးမြန်းရန် ကြိုးပမ်းနိုင်ကြသည်။ အစဉ်အလာအရ ထိုသို့သောသက်သေခံချက်သည်

အပြန်အလှန်စစ်ဆေးမေးမြန်းစဉ်အတွင်း တစ်ဖက်မှလိုက်ပါဆောင်ရွက်သော ရှေ့နေအဖွဲ့၏စောဒကတက်ခြင်းကိုခံရပါသည်။

၇.၂ အချို့သောကိစ္စရပ်များတွင် ကျွမ်းကျင်သူသက်သေခံချက်နှင့်စပ်လျဉ်း၍ သမားရိုးကျနည်းလမ်းမှာ ကျွမ်းကျင်သူသက်သေခံချက်အားတင်ပြရန်အတွက် အသင့်လျော်ဆုံးသောပုံစံဖြစ်ပါလိမ့်မည်။ အချို့သောစနစ်များ၌လည်း ကျွမ်းကျင်သူသက်သေခံချက်နှင့်စပ်လျဉ်းသောအခြားနည်းလမ်းများမှာ အချို့သောအမှုကိစ္စများအတွက်လည်း အသင့်လျော်ဆုံးဖြစ်လိမ့်မည်ဖြစ်သည်။ ဥပမာအားဖြင့် တရားမဥပဒေစီရင်ပိုင်ခွင့်များ၌ ကျွမ်းကျင်သူများအား အမှုနှင့်သက်ဆိုင်သူများကပူးတွဲခန့်အပ်ရန် သို့မဟုတ်တရားရုံးကသာခန့်အပ်ရန်တို့မှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်နေပါသည်။

၇.၃ မည်သည့်ဖြစ်ရပ်တွင်မဆို ကျွမ်းကျင်သူသက်သေခံချက်နှင့်စပ်လျဉ်းသော အခြားနည်းလမ်းများကိုတစ်ဦးတစ်ယောက်ချင်းနှင့်ဆိုင်သောအမှုကိစ္စများအတွက် ပိုမိုနှစ်သက်နိုင်ပါသည်။ ဩစတြေးလျနိုင်ငံတွင် တရားရုံးများ၌ကျယ်ပြန့်သည့်အမှုအခင်းစီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်များရှိသည့်အခါ ကျွမ်းကျင်သူသက်သေခံချက်အားတင်ပြခြင်းနှင့်ပတ်သက်၍ အခြားသောပုံစံများကိုလည်း စဉ်းစားနိုင်ကြပါသည်။

၇.၄ စဉ်းစားနိုင်သည့်အခြားသောပုံစံတစ်မျိုးမှာ တစ်ပြိုင်တည်းရှိနေသော ကျွမ်းကျင်သူသက်သေခံချက်အားပေးအပ်စေခြင်းဖြစ်ပြီး ဩစတြေးလျနိုင်ငံ၌ “hot tub” ဟု သိရှိကြသည်။ အဆိုပါနည်းလမ်းကိုဩစတြေးလျ ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာအမှုအခင်းများအပြင် နယူးဇီလန်နိုင်ငံနိုင်ငံ၊ တစ်ခါတစ်ရံ ယူနိုက်တက်ကင်းဒမ်းတို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည်။ ယင်းနည်းလမ်းအရ ကျွမ်းကျင်သူများသည် မည်သည့်နေရာတွင်၎င်းတို့သဘောတူသည်၊ မည်သည့်နေရာ၌ ၎င်းတို့ သဘောမတူဟု ညှိနှိုင်းစီစဉ်ထားသော ပူးတွဲအစီရင်ခံစာကိုပြင်ဆင်ကြရသည်။ အဆိုပါလုပ်ငန်းစဉ်အား ကြီးကြပ်ပေးရန်အတွက် လွတ်လပ်သည့် ကြားဝင်ကူညီစေ့စပ်သူတစ်ဦးကိုလည်း ခန့်အပ်နိုင်ကြပါသည်။ ကြားနာရာ၌ သက်သေခံချက်များတင်သွင်းရန် ကျွမ်းကျင်သူများအားတစ်ချိန်တည်း တစ်ပြိုင်နက်တည်းခေါ်ယူလိုက်ပါသည်။ အဆိုပါတစ်ပြိုက်နက်တည်း သက်သေခံချက်တင်သွင်းသော လုပ်ငန်းစဉ်အနေဖြင့် သက်ဆိုင်သူတစ်ဦးစီအတွက် ကျွမ်းကျင်သူသက်သေများအကြားသာမက ကျွမ်းကျင်သူသက်သေတစ်ဦးချင်းစီ၊ သက်ဆိုင်သူများအတွက်ရှေ့နေများနှင့် တရားရုံးတော်တို့အကြား၌လည်း သင့်တင့်လျောက်ပတ်ကာ အစီအစဉ်တကျဖြစ်သော အပြန်အလှန်ဖလှယ်မှုများရှိစေရမည်ဖြစ်ပါသည်။ ကြားနာမှုပြုသောအခါ ၎င်းတို့၏သဘောထားအမြင်အကျဉ်းချုပ်အားတင်ပြပေးရန်နှင့် ၎င်းတို့အကြားသဘောထားကွဲလွဲမှုအတွက် မည်သည်တို့မှာအဓိကကျသောအချက်များ ဖြစ်သည်တို့ကို ၎င်းတို့မြင်သည့်အတိုင်း၊ ၎င်းတို့ကိုယ်ပိုင်စကားလုံးများဖြင့်ရှင်းလင်းတင်ပြရန် ကျွမ်းကျင်သူသက်သေများ အခွင့်အရေးရရှိနိုင်ကြမည်ဖြစ်ပါသည်။

## ၈။ ဆက်စပ်နေသောသတင်းအချက်အလက်ရင်းမြစ်များ

၈.၁ အောက်ပါသတင်းအချက်အလက်ရင်းမြစ်များသည် ဩစတြေးလျနိုင်ငံ ဖက်ဒရယ်တရားရုံး၌ ကျွမ်းကျင်သူ သက်သေခံချက်အသုံးပြုမှုနှင့်စပ်လျဉ်းသည့် နောက်ထပ်သတင်းအချက်အလက်များကို ပေးအပ်နေပါသည်။ ဤစာအုပ်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှတရားသူကြီးများအတွက် အထွေထွေကျမ်းကိုးတစ်ခုအဖြစ်လည်း အသုံးဝင်နိုင်ပါသည်။


က။ JusticeMiddleton, *ExpertEconomicEvidence*,16 October2007

ခ။ OECD, *Presenting ComplexEconomicTheoriestoJudges*,2008

ဂ။ OECD, *ProceduralFairness:Competition Authorities,Courtsand Recent Developments*,2011

ဃ။ JusticeRares, *Using the"HotTub"– How concurrentexpertevidence aidsunderstanding issues"*,12October2013

င။ Federal CourtofAustralia, *ExpertEvidencePracticeNote(GPN-EXPT)*,25 October 2016

စ။ OECD, *Theresolution of competition casesbyspecialised and generalist courts:Stocktaking ofinternationalexperiences*,2016

ဆ။ Federal CourtofAustralia, *ExpertEvidence&ExpertWitnessesGuide*